# အာဏာရှင်စနစ်ကနေ ဘယ်လိုရုန်းထွက်မလဲ

မိုးသီးဇွန်
နိုဝင်ဘာ ၁၄ ရက်၊ ၂၀၀၆ ခုနှစ်

## ပြဿနာကိုချဉ်းကပ်ခြင်း Approach to Conflict

ပြဿနာတွေကို ချဉ်းကပ်တဲ့အခါမှာ တချို့က Institutional Approach ကို သုံးကြတယ်။ ဒါကတော့ သန်းရွှေနဲ့ မောင်အေးကြားမှာ ပြဿနာရှိနေတယ်၊ သန်းရွှေရဲ့အရင်းနှီးဆုံးက ဘယ်သူ၊ အမုန်းဆုံးက ဘယ်သူ၊ ဘယ်သူကဖြင့် စစ်တပ်မှာ ပိုပြီးအာဏာရှိနေတယ်၊ ဘယ်သူကဖြင့် အရိုးသားဆုံး။ ဘယ်သူက ပိုပြီးအားကြီးတယ်၊ ဘယ်သူက အားငယ်တယ်၊ ဒါကြောင့် ပြဿနာဖြစ်လာရင် ဘယ်သူတော့ ပြုတ်နိုင်တယ် စသဖြင့်တွေပေါ့။

မြန်မာ့အရေးကို လေ့လာအကဲခတ်နေတဲ့ အနောက်တိုင်းကပညာရှင်တွေ၊ သတင်းသမားတွေလည်း ဒီနည်းကို ဖြတ်လမ်းနည်းတခုအဖြစ် တွင်တွင်သုံးကြတယ်။ ဒီနည်းကိုသုံးနေရင် မဆုံးနိုင်တဲ့ ပဋိပက္ခနောက်မှာ အဖြေကိုတွေ့မှာ မဟုတ်တော့ဘူး။ ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၅ ရာခိုင်နှုန်း မယူနဲ့၊ ၁၀၀ ရာခိုင်နှုန်း ဒို့ကိုပေး၊ ပါလီမန်ခေါ်ပေး၊ ကြားဖြတ်အစိုးရလုပ်ပါ စတဲ့ ချဉ်းကပ်မှု Approach တွေကလည်း ပဋိပက္ခထဲမှာ ဒီသဘောပဲသက်ရောက်နေတယ်။ ဒါကြောင့် ကျနော်တို့ဟာ ရန်သူတီးတဲ့ဆိုင်းနဲ့ ချွေးထွက်အောင် ကနေကြရတော့တယ်။ တော်ကြာ ခေါင်းဆောင်တွေကို ဖမ်းလိုက်၊ ပြန်လွှတ်လိုက်နဲ့ လုံးလည်လိုက်နေကြတယ်။ အစိက ပဋိပက္ခကို ပြောမယ့်သူ၊ လှုပ်ရှားမယ့်သူ မရှိတော့ဘူးဖြစ်နေတယ်။ ဒါကြောင့် ပဋိပက္ခကို Fundamental Approach အခြေခံကျကျ ချဉ်းကပ်ပြီး လုပ်သင့်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အာရုံစိုက်ပါ၊ လုပ်ပါလို့ တိုက်တွန်းချင်တယ်။

လူထု လိုက်ပါနိုင်၊ မနိုင်။ မိတ်ဆွေတို့နဲ့ ဆွေးနွေးချက်အရ လူထု လိုက်ပါနိုင်စွမ်းမရှိသေးဘူးဆိုတဲ့အချက်ကို ဆွေးနွေးပါရစေ။ ဘာကြောင့်လဲ။ ဘယ်အချက်တွေက အခြေခံအချက်တွေဖြစ်နေပါသလဲ။

### Pros and Cons

### Cons Side

က – ကျနော်တို့က မစည်းရုံးနိုင်မှု၊

ခ – စားဝတ်နေရေး သိပ်ကြပ်တည်းနေမှု၊

ဂ – မတရားဖိနှိပ်ကနဲ့သတ်ခံနေရမှု၊

ဃ – ဆက်သွယ်ရေးပြတ်တောက်နေမှု၊

င – သတင်းအချက်အလက်တွေ မရမှု၊

စ – ပညာရေးအခြေခံ နိမ့်ကျနေမှု၊

ဆ – ဆင်းရဲမှု အဆမတန်မြင့်မားလာမှု၊

ဇ – မီဒီယာပညာပေးမှု မလုံလောက်မှု၊

ဈ – ဒီချုပ်ရဲ့ ဦးဆောင်မှုကို ယုံကြည်မှုကျဆင်းလာမှု၊

## Pros Side

က – စစ်တပ်ကိုယ်တိုင် အပြောင်းအလဲလုပ်ဖို့ လိုလားလာတဲ့အချက်၊ (ဘယ်လိုပြောင်းမလဲဆိုတာမသိကြ။)

ခ – ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် မြန်မာပြဿနာအဖြစ်ဆွေးနွေးမှုအပေါ် ပြည်တွင်းအင်အားစုများ မျှော်လင့်ချက်ဖြစ်လာမှု၊

ဂ – ၈၈ အင်အားစုများအပေါ် လူထုမျှော်လင့်ချက်ဖြစ်လာမှု၊

ဃ – လက်ရှိအကြပ်အတည်းကို လူထုက အပြောင်းအလဲဖြစ်စေချင်လာမှု၊

စတဲ့ (Pros Side) (Con Side) ဟု နှစ်ဖက်ရှိနေတယ်လို့ ကျနော်မြင်မိပါတယ်။

ဖြစ်လာနိုင်ချေရှိအောင် ကျနော်တို့ ဘာတွေပြင်ဆင်သင့်ပါသလဲ။

အဓိက အားနည်းချက်တစုကို ကျနော်မြင်တာကတော့ လူထုလိုက်ပါနိုင်တဲ့ Issues တွေကို ကျနော်တို့ ဦးစားပေးတင်သင့်ပါတယ်။ လွန်ခဲ့တဲ့နှစ်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၉၉၀ ရွေးကောက်ပွဲရလဒ်၊ စစ်အစိုးရကို ကြားဖြတ်အစိုးရအဖြစ် အသိမှတ်ပြု ပါလီမန်ခေါ်ပေးရေး စသဖြင့် နိုင်ငံရေးတောင်းဆိုချက်များမှာ လူထုမှ ကိုယ်တိုင်ပါဝင်နိုင်တဲ့အခန်းကဏ္ဍကို ပြစ်ပယ်ထားသလိုဖြစ်နေပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ ဖွဲ့စည်းပြီးသွားတဲ့အခါမှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးလိုင်းပဲ ဖြစ်လာရ။ အသေးစားအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာ ဖြစ်လာပါတော့တယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သူတို့တင်ထားတဲ့ လိုင်းပေါ်မှာ ဒေါ်အောင်ဆန်းစုကြည် အထက်မြန်မာပြည်စည်းရုံးရေးခရီးစဉ်များနဲ့ လူထုကို ပါဝင်လာအောင် စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကြိုးပမ်းဆောင်ရွက်မှုက ဒီပဲယင်းလုပ်ကြံခံရပြီးနောက်ပိုင်းမှာ ရပ်ဆိုင်းသွားခဲ့ရပါတယ်။

၈၈ မျိုးဆက်ကျောင်းသားများက Signature Campaign နဲ့ လူထုကို စည်းရုံးခဲ့ပြန်ပါတယ်။ ဒေါ်စုခရီးစဉ်မှာ လူထုတွေ သိန်းဂဏန်းရှိပြီး ပါဝင်ခဲ့ပါတယ်။ လက်မှတ်ရေးထိုးလှုပ်ရှားမှုကို လူထုရဲ့ ၅ သိန်း ၃ သောင်းကျော်လက်မှတ်တွေ ကောက်ခံရခဲ့ပါတယ်။ ဒါတွေကိုကြည့်ရင် လူထုလိုက်ပါမှု ကောင်းနေတယ်လို့ ကျနော်သုံးသပ်ပါတယ်။ လှုပ်ရှားမှုနှစ်ခုစလုံးဟာ ... (၁) လူထုလိုက်ပါနိုင်–တဲ့ Issue မရှိပါ။ (၂) Vertical Movement လှုပ်ရှားမှုဖြစ်နေပြီး Horizontal Movement မဖြစ်ခဲ့ပါ။ (Vertical Movement ဆိုတာက ခေါင်းဆောင်တွေက ဦးဆောင်ပြီး ဆောင်ရွက်နေတဲ့ လှုပ်ရှားမှုမျိုးပါ။ Horizontal Movement ဆိုတာက ဦးဆောင်တဲ့ အင်အားစုက လူထုကို နိုင်ငံရေးလမ်းကြောင်း၊ လူထုအာဂျင်တာ၊ နည်းနာတွေကို ဖြန့်ဝေပြီး လှုပ်ရှားစေခိုင်းတာမျိုး ဖြစ်ပါတယ်။ ဥပမာ – ရှစ်လေးလုံးလှုပ်ရှားမှု၊ ပါလစ်စတိုင်းက ဟားမာ့စ် လှုပ်ရှားမှုနဲ့ ဟစ်ဇ်ဘိုလာ လှုပ်ရှားမှုများမှာ ခေါင်းဆောင်တွေရှိသော်လည်း တိုက်ပွဲနဲ့ လူထုလမ်းစဉ်များကို လူတိုင်းပါဝင်နိုင်အောင် ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။

## လူထု လိုက်ပါနိုင်တဲ့ အာဂျင်ဒါများ

၁ – Food, Jobs, Land and Freedom (အစား၊ အလုပ်အကိုင်၊ မြေယာနဲ့ လွတ်လပ်မှုဟာ လူထုတောင်းဆိုချက်ဖြစ်ပါတယ်။)

၂ – Creating Horizontal Movement

ဒီအချက်ကတော့ မြို့နယ်အသီးသီးမှာ ၈၈ မျိုးဆက်အမည်အောက်မှာ ကျောင်းသားလူငယ်များကို ဖွဲ့စည်းစေခိုင်းတာ၊ လှုပ်ရှားဆောင်ရွက်မှုတွေ ပြုလုပ်စေပါတယ်။ ဒါတွေက Stature တွေ ဖြစ်လာစေနိုင်ပါတယ်။ ကွန်ယက်များ မတည်ဆောက်ခြင်း၊ Stature တွေ မတည်ဆောက်ခြင်းဟာ ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ခေါင်းဆောင်များကို ချက်ချင်း ဖမ်းဆီးပစ်နိုင်ခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်းများ ပြုလုပ်လာပါက လှုပ်ရှားမှုဟာ သေဆုံးသွားနိုင်လို့ပါပဲ။

ဒီချုပ်ဟာ Structure တည်ဆောက်ထားသော်လည်း လှုပ်ရှားမှုတွေကို လက်တွန့်နေတဲ့အတွက် ခန္ဓာကိုယ်က သေသလို ဖြစ်လာပါတယ်။ ၈၈ မျိုးဆက်များက ပိုဆိုးပါလိမ့်မယ်။ Structure နစ်တကျမရှိပါ။ Structure တည်ဆောက်နိုင်ပါက Horizontal Movements များ ပေါ်ထွက်လာနိုင်ပါလိမ့်မယ်။ ဥပမာ– လူထုစားဝတ်နေရေး၊ အပြန်အလှန်ကူညီရေး၊ လူမှုရေးလှုပ်ရှားမှု၊ စုပေါင်းဆောင်ရွက်မှု စာဖတ်အသင်း၊ နောက်ဆုံးမှာ လှုပ်ရှားမှုများအထိ ဖြစ်လာနိုင်ပါတယ်။ ရန်သူက ဖိနှိပ်မှုပြင်းထန်နေတဲ့အတွက် Stature များကို ပေါ်ပေါ်တင်တင် မတည်ဆောက်သင့်သေးပါ။ လူထုကြားထဲမှာ ကိုယ်ယောင်ဖျောက် တည်ဆောက်သင့်ပါတယ်။ နိုင်ငံရေး Agenda အာဂျင်ဒါများကို ချမှတ်မပေးပါက လူငယ်များ ယုံကြည်ချက်ကျလာပြီး နိုင်ငံခြားထွက် အလုပ်လုပ်တာ၊ ပျက်စီးတာများ ဖြစ်လာနိုင်ပါတယ်။

၃– အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ

နိုင်ငံရေးမှာ မဖြစ်နိုင်တာရယ်လို့ မရှိဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဖူးပါတယ်။ ဒါပေမဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကတော့ ဖြစ်နိုင်ချေနည်းလွန်းလှတယ်။ ဘာကြောင့်လဲ။ ကျနော်တို့ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုမှာ ပြန်လည်သင့်မြတ်တယ်။ ကျေအေးတယ်ဆိုတဲ့ကိစ္စဟာ ယဉ်ကျေးမှုအဖြစ် ကျနော်တို့မှာမရှိပါ။ ရှိတယ်ပြောရင် ထိုလူဟာ မြန်မာ့ယဉ်ကျေးမှုကို ကောင်းကောင်း မသိသူဘဲ ဖြစ်ပါလိမ့်မယ်။ လူအတော်များများက ဗုဒ္ဓဘာသာနဲ့ မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုကို ရောထွေးစဉ်းစားကြပါတယ်။ ဗုဒ္ဓဘာသာက မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုကို မလွှမ်းမိုးနိုင်ခဲ့ပါ။ ဗုဒ္ဓဘာသာတရားနဲ့အညီ ကျင့်သုံးနိုင်ရင် တိုင်းပြည် ဒီလိုဖြစ်စရာ အကြောင်းမရှိပါ။ ကျနော်တို့ မြန်မာ့နိုင်ငံရေးအတွေးအခေါ် အခြေခံအဘိဓမ္မာဟာ လောကနီတိက လာတာဖြစ်ပါတယ်။ လောကနီတိကိုလည်း ဘုရားဟောလိုလို လုပ်ထားတာ အဆိုးဆုံးပါပဲ။ လောကနီတိမှာ ဂါထာပေါင်း ၁၆၄ ခုရှိတဲ့အနက် ပြဿနာဖြစ်လာရင် စွင့်လွှတ်လိုက်ပါ၊ ကျေအေးလိုက်ပါဆိုတဲ့ သင်ပြချက် တခုမှ မပါပါ။

– ရန်ကြွင်း၊ မီးကြွင်းကို မထားနဲ့။

– မိမိအကြံအစီမအောင်မီ ဦးခေါင်းပေါ်တွင်တင်၍ ရွက်ထားပါ။ အကြံအောင်ပါက ရေအိုးကို ကျောက်တုံးအထက် ထုခွဲသကဲ့သို့ ခွဲလိုက်ပါ။

– တကြိမ်အမျက်ထွက်ဖူးသော မိတ်ဆွေကို တဖန်ပြန်လည်၍ စေ့စပ်လိုသောသူသည် ကိုယ်ဝန်ကိုယူသော အသတိုရ်၏ မြင်းမကဲ့သို့ သေမင်းကို ယူသည်မည်၏။

လောကနီတိထဲက အချက်တချို့ကို ကျနော် ဥပမာအဖြစ်ထောက်ပြတာပါ။ လောကနီတိကို ဒီနေ့လူငယ်တော်တော်များများမသိပါ။ သို့သော် သင်ပြချက်များကို အကျယ်အပြန့်ကျင့်သုံးနေပါတယ်။ လောကနီတိက ဘုရားဟော ဓမ္မပဒ တချို့ကို ဆွဲထည့်ထားတယ်။ ဘုရားဟောက ၄ စုလောက်ပဲရှိတယ်။ ဒါတွေကတော့ ပြောစရာမလိုအောင် ကောင်းမွန်တယ်။ အများစုကတော့ စာဏကျနီတိက လာတာတွေဖြစ်ပါတယ်။ စာဏကျဆိုတာကတော့ အိန္ဒိယ မိုက်ကယ်ရာဗယ်လီလို့ နိုင်ငံရေးပညာရှင်တွေက သတ်မှတ်ကြပါတယ်။ သူက သူတော်စင်မဟုတ်ပါ။ သူက နိုင်ငံရေးသမားသာဖြစ်ပါတယ်။ သူ့အတွေးအခေါ်တွေက လစ်ဘရယ် ဒီမိုကရေစီသဘောတရားများ မဟုတ်ပါ။ ဗုဒ္ဓလိုမေတ္တာဝါဒီလည်း မဟုတ်ပါ။ ဂန္ဒီလို ငြိမ်းချမ်းရေးသမားလည်း မဟုတ်ပါ။ သူ့ကို ဆရာတော်ဦးဗုဒ်က ဘာဖြစ်လို့ အထင်တကြီး ဖြစ်ခဲ့လဲဆိုတာ ကျနော် စဉ်းစားလို့မရပါ။

သူ့ကို နိုင်ငံရေးအတွေးအခေါ်အရ ရီရယ်လစ် (Realist) (Pragmatist) လို့ သတ်မှတ်ပါတယ်။ ဒီနေ့ သူ့အတွေးအခေါ်များကို စစ်တပ်ထဲက ဗိုလ်ချုပ်တွေရော၊ ကျနော်တို့ ၈၈ ခေါင်းဆောင်တွေ အတော်များများရော ကျင့်သုံးမိလျက်ဖြစ်နေကြပါတယ်။ ကျနော်တို့မှာ ဒီမိုကရေစီကို တကယ်သက်ဝင်ယုံကြည်လာကြပြီလား။ ကျင့်သုံးပြီလားဆိုတာ မသိပေမယ့် အုပ်စုနိုင်ငံရေးကိုပဲ လက်တွေ့ကျင့်သုံး နေကြတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။ (မည်သူကမှ လွတ်လပ်မှု၊ တရားမျှတမှု၊ ဒီမိုကရေစီ၊ အမျိုးသမီးအခွင့်အရေး၊ လူနည်းစု အခွင့်အရေးများကို မပြောကြသေးပါ။ ဒီအချက်တွေကို အခြေပြုတိုက်ပွဲဆင်တာ ၈၈ မှာ တခါပဲဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အာဏာနိုင်ငံရေး၊ အုပ်စုနိုင်ငံရေးကိစ္စလို ဖြစ်လာတယ်။ ဒီတော့ ကျယ်ပြန့်တဲ့လူထုကြီးက လှုပ်ရှားမှုနဲ့ ကင်းကွာသွားတယ်။)

ဆရာမောင်စွမ်းရည်က ဒို့မြန်မာတွေမှာ စေ့စပ်ဆွေးနွေးတာ ရှိပါတယ်။ ဒီသာပါမောက္ခက တရုတ်နဲ့ စေ့စပ်တာကို ဆင်ခြေပေးဖူး တယ်။ ဟုတ်ပါတယ်။ မြန်မာတွေ စေ့စပ်ဆွေးနွေးလေ့ရှိပါတယ်။ ဒီလိုဆွေးနွေးလိုက်၊ တိုက်လိုက်တွေလည်း မွန်–မြန်မာ နှစ် ၄၀ စစ်ပွဲ သမိုင်းတလျောက်လုံးမှာ မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ လုပ်ခဲ့ကြတယ်။ ကိုယ်က အခြေအနေမကောင်းတဲ့ အခါမျိုးကျမှသာ ဖြစ်ပါတယ်။ ကိုယ်နိုင်လို့ကတော့ တရားချလို့ကို မရခဲ့ဘူး။ အစုစစ်အစိုးရက မစေ့စပ်ချင်ပါ။ စကားမပြောချင်ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က အင်အားရှိနေတယ်လို့ ယုံကြည်နေတယ်။ နောက်တစုက မြန်မာ တောင်–မြောက် နှစ်ပိုင်းကွဲနေတာမှ မဟုတ် လို့ သူတို့ယူနိုင်တယ်။ ဒီမိုအင်အားစုများကို စေ့စပ်နေရတဲ့အင်အားစုလို့ သူတို့က မသတ်မှတ်။ နောက်တစုက သူတို့က အင်အား နည်းသွားတယ်ဆိုပါစို့။ ဒို့ဘက်က ဒီအချိန်မှာ အမျိုးသားပြန်လည်သင့်မြတ်ကြပါစို့လို့ ဘယ်သူက ပြောမှာလဲ။ အားလုံးက အကြံ တွေ ရှိကြတယ်။ ဒီတော့ ကိုဂျင်မီပဲဖြစ်ဖြစ်၊ ကိုမြအေးပဲဖြစ်ဖြစ် ကျနော်တို့က တကယ် သင့်မြတ်ရေး လိုလားလို့ပါ၊ တကယ် လုပ် မှာပါလို့ ပြောအုံး။ ဒေါသတကြီးနဲ့ ပေါက်ကွဲလာတဲ့ လူထုကို၊ ကိုယ့်အင်အားစုတွေကို ဘယ်သူက တာဝန်ယူထိန်းသိမ်းမှာလဲ။ သူ့မှာရော ထိန်းသိမ်းနိုင်တဲ့အင်အား ရှိရဲ့လား။

ဒီအချက်တွေကို သန်းရွှေက ကောင်းကောင်းသိပါတယ်။ သူတို့ဟာ စစ်ခေါင်းဆောင်တွေပါ။ လုံခြုံရေးပြဿနာကို ကျနော်တို့ထက် ပိုပြီး တွက်နေသူပါ။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အာဂျင်ဒါဟာ ဒီမိုကရေစီကို ယူဆောင်နိုင်တဲ့ အာဂျင်ဒါ မဟုတ်ပါဘူး။ မရှိဘူး မဟုတ်ဘူး၊ ရှိရမယ်။ ဒါပေမဲ့ ဒါဟာ အရံပြဿနာပဲ ရှိရမယ်။ အဓိကအဖြစ်နဲ့ မတင်သင့်ဘူး။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဘယ်လိုလုပ်မလဲ။

မေတ္တာတရား၊ အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန်အသိအမှတ်ပြုမှုမရှိဘဲနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်လို့မရပါ။ ဒီတန်ဖိုးတွေနဲ့ လက်တွေကျင့်သုံးမှုကို သူငယ်ချင်းနှစ်ဦးကြား၊ လုပ်ဖေါ်ကိုင်ဖက်တွေကြား၊ မိသားစုကြား၊ နိုင်ငံရေးအင်အားစုတွေ ကြားမှာ လက်တွေ့ကျင့်သုံးဖို့ လိုပါတယ်။ ဒါကို ဆွေးနွေးဖို့လိုတယ်။ ကိုယ့်အချင်းအချင်းတောင်မှ အပြန်အလှန်အသိအမှတ်ပြုဖို့ ဝန်လေးနေကြရင် ... ရန်သူကို သင့်မြတ်ရေးကမ်းလှမ်းတာ အရူးရှိုးပန်းပြမှုတခုသာ ဖြစ်တယ်။ ကျနော်တို့မှာ ဒီစိတ်ဓါတ်မရှိသလို၊ ရန်သူမှာလည်း ဒီစိတ်ဓါတ်မရှိဘူး။ လူလူချင်းလည်း မကူညီကြတော့ဘူး၊ ဘုန်းကြီးအချင်းအချင်းလည်း မကူညီကြတော့ဘူး။ ခေါင်းဆောင်အချင်းချင်းလည်း မကူညီဘူး။ ဆရာအချင်းအချင်းလည်း မကူညီဘူး။ ဘယ်လိုလုပ်မလဲ။

ဥပမာ – ပြည်တွင်းကထွက်လာတဲ့ ရဲဘော်တွေက သနားဖို့ကောင်းတယ်။ ထောင်ကျခဲ့တယ်။ ဘဝတွေပျက်ခဲ့တယ်။ အရက်စွဲတာ၊ လူမှုဆက်ဆံရေးအဆင်မပြေတာတွေ ဖြစ်လာကြတယ်။ ဒါပေမဲ့ အထဲက ကျန်ခဲ့တဲ့သူတွေက အပြင်ထွက်လာရတဲ့သူတွေနဲ့ ပတ်သက်လို့ ကျနော့်ဆီကို အဆင်ပြေလို့ သတင်းပါးလာတဲ့အခါ ... ငါတို့ ဘာတာဝန်မှ မပေးလိုက်ဘူး၊ သူ့ကိုမယုံနဲ့၊ ဒီလူကိုတော့ သတိထားဆိုတဲ့ သတင်းတွေကိုပဲ ကြားရတယ်။ သူဒုက္ခရောက်လာတယ်၊ ကူညီလိုက်ပါ ဆိုတဲ့ မေတ္တာစကားကို မကြားရဖူးသေးဘူး။ ကျနော် တော်တော်စိတ်မကောင်းဖြစ်မိတယ်။ ရဲဘော်တယောက် ဘာဖြစ်လာတယ်ဆိုတာ ကျနော် အကုန်သိပါတယ်။ ဒါပေမဲ့ သူ့ကို ကျနော်တို့ ဝိုင်းကြဉ်ထားမလား၊ သူတို့ကို ပြန်လည်နာလံထလာအောင် ဘယ်လိုကူညီမလဲ ဆိုတဲ့ဘက်ကရော စဉ်းစားဖို့လိုပါတယ်။ နအဖက လူတွေကိုသတ်ထားတာ၊ တိုင်းပြည်ကို ဖျက်ဆီးထားတာ၊ သူ့ကို သင့်မြတ်မယ်ဆိုရင် ကိုယ့်အချင်းချင်းလည်း သင့်မြတ်နိုင်ရမယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ မေတ္တာအလုပ်။ သစ္စာရှိမှ ဒီအလုပ်ကို လုပ်ကြပါလို့ တိုက်တွန်းချင်တယ်။ ကိုယ့်ကိုကိုယ် အောင်မြင်သူဖြစ်မှသာ ဒီအလုပ်လုပ်ကို လုပ်လို့ရတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်လို့မရဘူးလား။

လုပ်လို့ရတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ မေတ္တာတရား၊ အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန် အသိအမှတ်ပြုမှု ရှိရမယ်လို့ ကျနော် ဆိုခဲ့တယ်။ လူလူချင်း မေတ္တာထားတာ ကျနော်တို့ ဗုဒ္ဓဘာသာမှာ ရှိတယ်။ မြတ်စွာဘုရားဟောခဲ့တဲ့ မေတ္တာသုတ်လောက်ကောင်းတဲ့ လမ်းညွှန်ချက် ဘယ်မှာရှိလဲ။ ဒါပေမဲ့ ကျနော်တို့ မကျင့်သုံးကြဘူး။ ဘာဖြစ်လို့လဲ။ မှားယွင်းတဲ့ လောကနီတိသင်ကြားချက်တွေ ဖုံးလွှမ်းနေတာကိုး။ လှုပ်ရှားမှုအနေနဲ့က ကိုယ့်ရဲဘော်တွေကို မေတ္တာထားနိုင်အောင် အရင်ကြိုးစားမယ်။ အချင်းအချင်း အပြန်အလှန်လေးစားပြီး၊ အပြန်အလှန် အသိအမှတ်ပြုနိုင်ရမယ်။ နောက်တဆင့်အနေနဲ့က လူထုထဲမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်တွေ၊ မီးသတ်တွေ၊ စစ်သားတွေ၊ ရဲတွေကို ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေဟာ သူတို့ကို မမုန်းဘူးဆိုတဲ့ ကျနော်တို့ရဲ့ ဝါဒကို သူတို့ဆီရောက်အောင် လှုပ်ရှားမှုတွေနဲ့ သတင်းပို့ရမယ်။ မေတ္တာရဲ့သင်္ကေတ (Symbolic) တွေ၊ လူတွေတဦးနဲ့တဦး အပြန်အလှန်ကူညီမှုတွေ၊ စာရိတ္တချို့ယွင်းနေတာတွေကို ပြုပြင်ပေးတာတွေ ဟောပြောရမယ်။ ကျနော်တို့ထဲမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နှစ်နှစ်ကာကာ ယုံကြည်ချက်မရှိဘဲနဲ့ လှုပ်ရှားမှုကို လုပ်လို့မရဘူး။ ဒီလိုယုံကြည်ချက်တွေ ခိုင်မာလာအောင် လမ်းညွှန်စိတ်ဓါတ်ကို တည်ဆောက်ဖို့လိုတယ်။ ဒီစိတ်ဓါတ် တကယ်ရှင်သန်လာရင် ခင်ဗျားတို့လုပ်သမျှ အောင်မြင်လိမ့်မယ်။ ဒီလိုမဟုတ်ဘူးဆိုရင် အုပ်စုနိုင်ငံရေး၊ အာဏာနိုင်ငံရေးလမ်းကြောင်းထဲမှာ တဝဲလည်လည်ဖြစ်နေမယ်။ ရေသာများ၍ ငါးမတွေ့ဖြစ်နေလိမ့်မယ်။

လူမှုလှုပ်ရှားမှု (သို့မဟုတ်) အမျိုးသားပြန်လည်သင့်မြတ်ရေး အစိတ်အပိုင်း (Power of Social Movement or Part of National Reconciliation )

ကျနော်တို့ရဲဘော်တွေကို ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ လူမှုရေးပြဿနာတွေကို ကိုင်တွယ်ဖို့ ဆွေးနွေးခဲ့ဖူးတယ်။ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိတ်အပိုင်းတခုပဲ။ အများစုက National Level ကိုပဲ လုပ်မယ်လို့ ဖြေခဲ့ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ကျန်းမာရေး၊ စီးပွားရေးချွတ်ခြုံကျမှု၊ ပညာရေးပျောက်ဆုံးမှု၊ လောင်စာပြဿနာ၊ စာရိတ္တပြဿနာတွေကို အသေးအမွှားပြဿနာတွေအဖြစ် မြင်ကြပုံရတယ်။ တခါက HIV ကိစ္စ သိပ်ကို ကြီးမားနေတော့ ကျနော်က ဒီကိစ္စကို ဝင်ရောက်စွက်ဖက်ဖို့ ဆွေးနွေးခဲ့တယ်။ ပညာပေးမှုတွေလုပ်ဖို့၊ ဒီလိုလုပ်တဲ့အခါမှာ ဥပမာအနေနဲ့ ကွန်ဒုံး Condom တွေကို ဝေကြပါလားလို့ ဆွေးနွေးတော့ အဟားခံရတယ်။ ပေါ်ဦးက ဒို့မြန်မာတွေမှာ မောင်နဲ့နှမ၊ သားနဲ့ အမိဆိုတာ ရှိသေးတယ်ကွလို့ ပြောပါတယ်။ ဒီမိုကရေစီမှာ မြန်မာ့ယဉ်ကျေးမှုတို့၊ အာရှတန်ဖိုးတို့ကို ဖက်တွယ်နေလို့မရပါဘူး။ ဒီတန်ဖိုးသတ်မှတ်ချက်တွေက အာဏာရှင်စနစ်ကို အမြစ်တွယ်စေပါတယ်။ တချို့ကို ပြုပြင်ပြောင်းလဲပစ်ရပါလိမ့်မယ်။ ၁၈ ရာစုဝန်းကျင် ဂျပန်မှာ မေဂျီဘုရင်၊ ၁၉၂၀ တူရကီမှတ်တဖာကမားတို့က ဒီလိုပြုပြင်ပြောင်းလဲမှုတွေကို သတ္တိရှိခဲ့တယ်။ ကျနော်တို့က ခေါင်းဆောင်တွေ၊ နောက်လိုက်တွေမဟုတ်ဘူး။  ကျနော်တို့က ကိုယ့်ကိုကိုယ် ခေါင်းဆောင်တွေလို့ ယူဆနေတာပဲရှိတယ်။ ဦးဆောင်ပြီး လူမှုရေး၊ နိုင်ငံရေးတွေကို ပြောင်းလဲဖို့ မကြိုးစားဘူးလို့ မြင်ပါတယ်။ လူထုထဲက လူမှုရေးပြဿနာတွေအားလုံးကို ပေါင်းလိုက်ရင် နိုင်ငံရေးပြဿနာတွေပါ။ ဒါဟာ နိုင်ငံရေးလှုပ်ရှားမှုကို Momentum ရလာနိုင်တယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေအားလုံးက လူမှုရေးလှုပ်ရှားမှုတွေက ပေါက်ဖွားလာတာ။

အိန္ဒိယတိုက်ကြီးကို ဆားတပွင့်ကနေ လွတ်မြောက်စေခဲ့တာကို မမေ့စေချင်ဘူး။ ဒီလိုပြောလို့ ဇင်ဗျားတို့ကို အသေးအဖွဲလေး တွေကို အကြံပေးတာမဟုတ်။ ဒါဟာ ဇင်ဗျားတို့မှာ ခေါင်းဆောင်မှုအရည်အသွေးကို အထင်ကြီးလို့ အကြံပြုတာဖြစ်ပါတယ်။

ကျနော်ရဲ့ Social Movement ဟာ နိုင်ငံရေးလှုပ်ရှားမှုကို ဦးတည်ထားတာဖြစ်တယ်။ လူ့ဘောင်သစ်တုန်းက ဝေါ လယ်သမား ကိစ္စ၊ ဖဆပလ အိမ်တွေ အရှေ့ခံရတဲ့ကိစ္စ၊ ဖြည့်စွက်ပညာသင်ကြားရေးကိစ္စတွေကို ကျနော်တို့ ကြိုးစားခဲ့ဖူးပါတယ်။

ကျနော်တို့ လူမှုနိုးသိတတ်စကတည်းက ပါလက်စတိုင်းတော်လှန်ရေးမှာ PLO ကို ကြားဖူးခဲ့တယ်။ ဒါပေမဲ့ ပါလက်စတိုင်းတွေက သူတို့အစိုးရအဖွဲ့ကို ရွေးခွင့်ရတဲ့အချိန်မှာ PLO မရွေးကြတော့ပါဘူး။ ဟားမာ့စ်အဖွဲ့ကို ရွေးခဲ့တယ်။ ဘာကြောင့်လဲ။ PLO ၊ အစွရေးခေါင်းဆောင်တွေ၊ နိုင်ငံတကာသံတမန်တွေ၊ ကုလသမဂ္ဂတွေနဲ့ အဆင့်မြင့်ပါတယ်ဆိုတဲ့ ဧရာမနိုင်ငံရေးကြီးတွေနဲ့ အချိန် ကုန်နေချိန်မှာ ... ဟားမာ့စ်တွေက ပါလက်စတိုင်းလူထုအတွက် တကယ်အလုပ်လုပ်ပြခဲ့တယ်။ ဆေးခန်းတွေမှာ သူတို့ရှိတယ်။ စာသင်ခန်းတွေ၊ လူမှုရေးလုပ်ငန်းတွေကို လူထုနဲ့အတူ ကူညီခဲ့တယ်။ ဒီတော့ ရွေးကောက်ပွဲလည်းလုပ်ရော PLO ရှုံးခဲ့တယ်။ ပါလက်စတိုင်းတွေက PLO ကို အယုံအကြည်မရှိတော့ဘူးလေ။ NLD ကို လူထုက အယုံအကြည်ကျစပြုနေပြီ။ NLD မှာ လူထု က ဒေါ်အောင်ဆန်းစုကြည်ကိုပဲ မျှော်လင့်ချက်ရှိတော့တယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေ အတွက်လည်း ဘာလဲ၊ ဘယ်လဲ အမေးခံလာရလိမ့်မယ်။ အဖြူရောင်လှုပ်ရှားမှုမှာ အများဆုံး ခေါင်းဆောင် ၁၀ ဦးဝန်းကျင်သာ ဖြစ်နေတယ်။ ဒီခေါင်းဆောင်တွေ ကို ထပ်ဖမ်းရင် လှုပ်ရှားမှု ငြိမ်သွားနိုင်တယ်။ အချိန်ရတုန်းမှာ Strature ကို မဆောက်နိုင်ရင် လူထုလမ်းစဉ်တွေကို ပီပီပြင်ပြင် ချမှတ်ခဲ့စေချင်တယ်။ ဒီတခါ ခေါင်းဆောင်တွေကို ဖမ်းသွားရင်တောင် လှုပ်ရှားမှုက ငြိမ်မနေတော့ဘူး။

ဘယ်လို နိုင်ငံရေးအာဂျင်ဒါကို တင်မလဲ။

Food, Jobs, Land and Freedom တွေသာ တကယ့်ပြဿနာ။

အစာမရှိဘူး။ ငါတို့ကို အစာအဟာရ လုံလောက်အောင်ပေး။
ငါတို့မှာ အလုပ်မရှိဘူး။ အလုပ်တွေ ပေး။ လုပ်ခတွေ တိုးပေး။
ငါတို့မြေယာတွေကို သိမ်းသွားတယ်။ ပြန်ပေး။ ငါတို့မှာ လွတ်လပ်မှုမရှိဘူး။ လွတ်လပ်မှုတွေကို အာမခံပေး။ အခြေခံဥပဒေနဲ့ ကာကွယ်ပေး။ စစ်တပ် ၂၅ ရာခိုင်နှုန်းယူတာ၊ မယူတာ တကယ်က ပြဿနာမဟုတ်ဘူး။ တကယ့်ပြဿနာက ဒီမိုကရေစီနဲ့ လွတ်လပ်မှုတွေကို အာမခံချက်မရှိတာ။ တရားဥပဒေမရှိတာ။ ကျနော်တို့က ၁၀၀ ရာခိုင်နှုန်းယူပြီး စစ်တပ်က သုညပဲယူသည် ဖြစ်စေ ဒီအာမခံချက်တွေ မရှိရင် ဒီမိုကရေစီက အရှည်တည်တန့်မှာ မဟုတ်ဘူး။

ဥပမာ – တိုင်းပြည်မှာ စားဝတ်နေရေးပြဿနာတက်နေပြီ။ ဒီပြဿနာကို ဖြေရှင်းပေး ဆိုတဲ့ Signature Campaign လုပ်ကြည့် ပါ။ လူတွေ သန်းနဲ့ချီပြီး လက်မှတ်ထိုးကြလိမ့်မယ်။ အလားတူပဲ။ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးကိစ္စတွေကို Signature ဃာစ– စေငါည လုပ်ကြည့်ပါ။ လူထုက ၁၀၀ ရာခိုင်နှုန်း ပူးပေါင်းဆောင်ရွက်လာမယ်။

ကျနော်ရဲ့ သေနင်္ဂဗျူဟာ ...

၁ – လူထုလှုပ်ရှားမှုတွေ ပေါ်ထွက်၊ လူထုအစိုးရ ဖွဲ့နိုင်ရေး၊
၂ – လူထုအာဂျင်ဒါတွေနဲ့ လူထုကို စတင်စည်းရုံးလှုံ့ဆော်၊
၃ – လူထုလိုက်ပါလာရင် နိုင်ငံရေးအာဂျင်ဒါကို ဆက်တင်၊
၄ – လူထုထဲမှာဖြစ်နေတဲ့ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး ပြဿနာတွေကို ဝင်ရောက်ဖြေရှင်းပေးကြ။
ရေရှည်လုပ်ငန်းစဉ်အဖြစ်နဲ့ တချိန်ထဲမှာ ပြင်ဆင်ထား။

စစ်အစိုးရရဲ့ ရေရှည်နိုင်ငံရေးလမ်းကြောင်း?

အောက်တိုဘာလ ၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ မောင်စေတနာ (ဘီအီးဒီ) ဆိုတဲ့သူက ဆောင်းပါးနဲ့ ဒီချုပ်ကို ဝေဖန်တိုက်ခိုက်ထားပါတယ်။ ဒီထဲမှာ သူတို့ရဲ့လမ်းကြောင်းကိုလည်း ဆွေးနွေးထားပါတယ်။ အဓိကကတော့ စစ်တပ်အမျိုးသားနိုင်ငံရေးလမ်းကြောင်းနဲ့ မြေယာပြဿနာအပေါ် ဆွေးနွေးထားတာဖြစ်ပါတယ်။ သူတို့က စစ်တပ်က အမျိုးသားနိုင်ငံရေးကို သွားမယ်။ ဒီချုပ်က လစ်ဘရယ်ဒီမိုကရေစီ အရင်းရှင်လမ်းကြောင်းလို့ တိုက်ခိုက်တယ်။ အမျိုးသားနိုင်ငံရေးလမ်းကြောင်း ဆိုတာကတော့ စစ်တပ်က အမျိုးသားရေးကို စုတုံးလုပ်ပြီး အာဏာကို ဆက်လက်ကိုင်သွားမယ်ဆိုတဲ့ သဘောပါပဲ။

အနှစ်ချုပ်ပြောရရင်တော့ အမျိုးသားရေးကို စစ်ဝါဒနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ ဖက်ဆစ်စနစ်သာဖြစ်ပါတယ်။ အမျိုးသားရေးကို ကွန်မြူနစ်၊ ဒီမိုကရက်နဲ့ အရင်းရှင်တွေလည်း ကြည့်ကြတာပါပဲ။ ဒါပေမဲ့ မြန်မာစစ်အစိုးရက အမျိုးသားကောင်းကျိုးကို တခါမှ မလုပ်ခဲ့ဘူးဆိုတာပါပဲ။ လယ်ယာမြေကိစ္စမှာတော့ လယ်ယာမြေတွေဟာ နိုင်ငံပိုင်သာဖြစ်ရမယ်ဆိုတာပါပဲ။

ဒီနေရာမှာ ကျနော့်အမြင်ကို ဆွေးနွေးချင်တာကတော့ လယ်ယာမြေတွေကို ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ပါပဲ။ မဆလ ၊ နဝတ မှ နအဖ အထိ လယ်ယာမြေမှန်သမျှကို နိုင်ငံပိုင်လုပ်ခဲ့ပါတယ်။ နိုင်ငံပိုင်ဆိုတဲ့နေရာမှာ စစ်တပ်က လက်ဝါးကြီးအုပ် ချုပ်ကိုင်တာဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကို သူတို့ဘာသာ စိတ်ကြိုက်ရှယ်လှယ်နေတယ်။ နိုင်ငံတော်ပိုင်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ဆိုတဲ့ ပေါ်လစီ။ မဆလ ၊ နဝတ ၊ နအဖ တို့ လူထုကို ပျားရည်နဲ့ ဝမ်းချထားတာဖြစ်တယ်။ တကယ့်ပေါ်လစီက ဘာဖြစ်သင့်သလဲ။ လယ်လုပ်သူလယ်ပိုင်ခွင့် Ownership of Land or Land Privatisation သာ ဖြစ်သင့်တယ်။ ဒါဟာ တစုတည်းသော မြန်မာတွေရဲ့ ထွက်ရပ်လမ်းဖြစ်တယ်။ ဘာ့လို့လဲ။

မြန်မာတွေမှာ ဘာအရင်းအနှီးမှ မရှိတော့ဘူး။ စက်မှုမရှိ၊ သဘာဝအရင်းမြစ် သိပ်မကျန်၊ ဗဟိုဘဏ်မှာက အစွန်ပဲ။ ဒီတော့ အနာဂတ်အတွက် ရင်းနှီးစရာ Initial Capital ဆိုလို့ မြေသာ ရှိတော့တယ်။ မြေကို ပုဂ္ဂလိကပိုင်ဆိုင်မှုလုပ်ရင် လူတွေက မြေကနေ အရင်းပြန်ရလာနိုင်တယ်။ မြေဈေးတက်လာမယ်။ မြေကို ပေါင်လို့ရမယ်။ ရောင်းလို့ရမယ်။ ငှားလို့ရမယ်။ မြေကို လူထုက စိတ်ကြိုက် စီမံခန့်ခွဲခွင့်ရလာမယ်။ ဒီအချိန်မှာ အစိုးရ စက်မှုဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းတွေကို အားပေးရမယ်။ ဒီလို မြေတွေကို ပုဂ္ဂလိကပိုင်လုပ်ရင် မြေတွေဟာ ပေါင်းစုလာမယ်။

အခု မြေတွေက အကွက်သေးလေးတွေ ဖြစ်နေတယ်။ ဒါကြောင့် စက်မှုလယ်ကို လုပ်လို့မရဖြစ်နေတယ်။ စရိတ်စကပိုကုန်တယ်။ ထွက်တဲ့ ကုန်ပစ္စည်းက အရေအသွေးမျိုးစုံ ဖြစ်နေတယ်။ ကမ္ဘာ့ဈေးကွက်ကို တိုးလို့မရ ဖြစ်နေတယ်။ လယ်တွေ ကျယ်ပြန့်လာတာနဲ့အမျှ စက်မှုလယ်ယာကို တက်လို့ရလာတယ်။ အရေအသွေးမြင့်လာတယ်။  မေးခွန်းမေးစရာရှိတာက ကျန်တဲ့လယ်သမားတွေကို ဘယ်မှာထားမလဲ။ အဖြေက လယ်သမားတွေက မြို့တွေမှာ စက်မှုအလုပ်သမားတွေအဖြစ်နဲ့ အသွင်ပြောင်းလာနိုင်တယ်။ လယ်ထဲချောင်ထဲက ဘဝထက် ပိုမိုကောင်းမွန်တဲ့ဘဝကို ရွေးချယ်လာနိုင်တယ်။ ဒါက လက်တွေ့ဖြစ်လာနေတယ်။ ၈၈ နောက်ပိုင်းမှာ လယ်သမားအတော်များများက တဖက်နိုင်ငံတွေကို အလုပ်သမားတွေအဖြစ်နဲ့ ပြောင်းရွှေ့လာကုန်တယ်။ ဘာဖြစ်လို့လဲ။ လယ်ထဲမှာ တနှစ်လုံးလုပ်ရတဲ့ လုပ်အားခငွေက စက်ရုံမှရတဲ့ငွေလောက် များလို့ပဲ။ တကယ်လို့ ကိုယ့်ဆီမှာ စက်မှုဖွံ့ဖြိုးအောင် လုပ်ထားရင် ဒီလယ်သမားတွေရဲ့လုပ်အားက နိုင်ငံကစ်စားလာရမယ်။ ဒါပေမဲ့ စစ်အစိုးရက လယ်ယာမြေတွေကို နိုင်ငံတော်ဆိုတဲ့ ခေါင်းစဉ်အောက်မှာထားပြီး လက်ဝါးကြီးအုပ်ထားတယ်။ ဒါဟာ နိုင်ငံတော်က လက်ဝါးကြီးအုပ်စနစ် Monopoly ကို

ကျင့်သုံးတာ။ ဒါမျိုးကို နေရှုးတို့၊ မော်စီတုန်းတို့ လုပ်ခဲ့ပြီးပြီ။ မအောင်မြင်ဘူး။ ကျနော်တို့ဆီက နိုင်ငံရေးသမားတွေက ဒီလောင်းရိပ်အောက်မှာ ရှိတုန်း။ ကျနော်ကိုယ်တိုင်လည်း နစဉ်က ရှိခဲ့တယ်။

နိုင်ငံတော် State က စီးပွားရေး မြေယာမှာ Monopoly လက်ဝါးကြီးအုပ်လုပ်တာက လူတွေကို Incentive မက်လုံးကျစေတယ်။ Production ကုန်ထွက်မှုကို ကျစေတယ်။ Corruption ခြစားတာကို တိုးစေတယ်။ နိုင်ငံတော်က မြေတိုင်းကို မပိုင်သင့်ဘူး။ မြေကို လူထုကပဲ ပိုင်ရမယ်။ ဒီလိုအသိစိတ်ဓါတ်ကို သွတ်သွင်းပေးသင့်တယ်။ ၈၈ မျိုးဆက်တွေအနေနဲ့ ဒီပေါ်လစီတွေကို စတင် Debate ဆွေးနွေးငြင်းခုံလုပ်သင့်တယ်။ ကျောင်းသားတွေထဲမှာ မေးခွန်းတွေ၊ ဆွေးနွေးစရာခေါင်းစဉ်တွေ ချပေးသင့်တယ်။

ကျောင်းသားပြည်သူတွေကို ဘယ်လိုစည်းရုံးမလဲ?
ဆွေးနွေးမှုတွေ၊ လေ့လာမှုတွေနဲ့ အသက်ဝင်နေအောင် လုပ်သင့်ပါတယ်။ ဥပမာ – ကျောင်းသားတွေကို မေးခွန်းငယ်တွေ ချပေးပါ။ သူတို့ဆီက ဆွေးနွေးချက်တွေကို ပြန်လည်ကောက်ယူသင့်ပါတယ်။

၁ – ခင်ဗျားသာ နိုင်ငံတော်သမတဆိုရင် ကျောင်းသားဗဟိုပြုပညာရေးစနစ်ကို သွားမလား။ ဆရာဗဟိုပြုပညာရေးစနစ်ကို သွားမလား။ ဘယ်လို ပညာရေးပေါ်လစီ ဖြစ်သင့်ပါသလဲ။
၂ – ဒီနေ့ ဓါတ်ဆီဈေးနှုန်းမြင့်တက်နေတာ ဘာကြောင့်လဲ။ ဒီ လောင်စာပြဿနာက နိုင်ငံတကာ ပြဿနာလား။ ပြည်တွင်းရေး ပြဿနာလား။
၃ – ခင်ဗျားသာ ဝန်ကြီးချုပ်ဆိုရင် ကုန်ဈေးနှုန်းတွေ ကျဆင်းအောင် ဘယ်လိုလုပ်မလဲ။ ဘာကြောင့်လဲ။
၄ – ခင်ဗျားသာ သမတ အကြံပေးဆိုရင် လက်ရှိဖြစ်နေတဲ့ AIDS ပြဿနာကို ဘယ်လိုအကြံပေးမလဲ။
၅ – AIDS ပြဿနာက စာရိတ္တပြဿနာလား၊ ဆင်းရဲမွဲတေမှုလား။ နိုင်ငံရေးပြဿနာလား။ ခင်ဗျားသာ သမတဆိုရင် ဒီကိစ္စကို ဘယ်လိုကိုင်တွယ်မလဲ။
၆ – ခင်ဗျားက နိုင်ငံတော်သမတအနေနဲ့ အခြေခံဥပဒေမှာ အနှစ်သာရတွေက ဘာတွေဖြစ်သင့်သလဲ။ ဒီမိုကရေစီ၊ တရားမျှတမှု၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးမှု စတဲ့ မူတွေဟာ အနှစ်သာရအဖြစ် ရှိသင့်သလား။ နိုင်ငံတော်လုံခြုံရေးကိုပဲ ဇောင်းပေးသင့်သလား။
၇ – ခင်ဗျားမှာ ဒေါ်လာ သန်း ၁၀၀ ရှိရင် ဘုရားတည်တာနဲ့ ဆေးခန်း၊ စာကြည့်တိုက်ဆောက်တာ တခုခုရွေးရမယ်ဆိုရင် ခင်ဗျား ဘာကိုရွေးပြီး လှူဒါန်းမလဲ။
၈ – မြန်မာတွေ အခုလို အငတ်ဘေး၊ ဒုက္ခဘေးတွေ ရင်ဆိုင်နေရတာ ကံတရားကြောင့်လား။ နိုင်ငံရေးစနစ်ကြောင့်လား။ ဘာကြောင့်လဲ။
၉ – ခင်ဗျား အလိုချင်ဆုံးက ဘာလဲ။
၁၀ – နောက် ၆ လအတွင်း ခင်ဗျား ဘာလုပ်မယ်လို့ စဉ်းစားထားသလဲ။
၁၁ – နောက် ၅ နှစ်အတွက်၊ ခင်ဗျား ဘဝအတွက် ဘယ်လိုစီစဉ်ထားသလဲ။

စသဖြင့် လူထုထဲမှာ ရှိနေတဲ့ ပြဿနာတွေကို ဖွင့်ချဆွေးနွေးစေခြင်းဖြင့် နိုင်ငံရေးနိုးကြားမှုတွေကို လုပ်ဆောင်သင့်ပါတယ်။

(ဒါတွေက ကျနော် စဉ်းစားလို့ရသမျှ ရေးလိုက်တာဖြစ်ပါတယ်။ ဒီ့ထက် လေးနက်တဲ့ မေးခွန်းတွေ၊ ဆွေးနွေးချက်တွေ ခင်ဗျားတို့ ဆီမှာ ရှိပါတယ်။) ဒီလိုလုပ်တဲ့အတွက် အကန့်အသတ်တွေ ရှိနိုင်တယ်။ ဒါပေမဲ့ နည်းစနစ်တွေကိုလည်း တီထွင်ရမှာဖြစ်ပါတယ်။

## အမျိုးသားညီလာခံ

အမျိုးသားညီလာခံကို ပြီးမှာအကြောက်ဆုံးက နအဖ ဖြစ်တယ်လို့ မဂ္ဂဇင်းတစုနဲ့ အင်တာဗျူးတစုမှာ မနှစ်က ကျနော် ပြောခဲ့ဖူးတယ်။ ဒီစကားကို ထပ်ဆိုမယ်။ အမျိုးသားညီလာခံကို နအဖ မပြီးဆုံးရဲပါ။ ဘာဖြစ်လို့လဲ။ လူထုကို ကြောက်လို့လား။ ဒီချုပ်ကို ကြောက်လို့လား။ ၈၈ မျိုးဆက်ကို ကြောက်လို့လား။ မဟုတ်ပါ။ ကိုယ့်ကိုကိုယ် သတ်သေသလို ဖြစ်လာမယ့်အနေအထား ရှိလို့ပါ။ ဆိုလိုတာက သန်းရွှေ၊ မောင်အေးတို့ဟာ တပ်မတော် အဆင့်မြင့်ရာထူးတွေက တရားဝင်နှုတ်ထွက်ပေးရတော့မှာဖြစ်လို့ပါ။ သူ့စစ်တပ်ကို သူပြန်ကြောက်လို့ပါ။ သန်းရွှေအနေနဲ့ လက်ရှိအနေအထားအတိုင်း ပိုပြီးသဘောကျနေပါတယ်။ နိုင်ငံရေးအခြေအနေကို သူမကြိုက်ဘူး။ ပြောင်းရတော့မယ်ဆိုတာကို သူသိတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေက သူ့အတွက် Optimal ။ ဒါကြောင့် Status-quo နယူတန်ရဲ့နိယာမလိုပဲ အရာဝတ္ထုတွေဟာ နေမြဲနေလိုတဲ့ သဘာဝရှိတယ် ဆိုသလိုပေါ့။ ဒါပေမဲ့ ပတ်ဝန်းကျင်ကတော့ အရာဝတ္ထုတွေရဲ့ နေမြဲနေလိုတဲ့ သဘာဝကို ခြိမ်းခြောက်နေပါတယ်။ ဒါကြောင့် အပြောင်းအလဲတွေ ဖြစ်လာရတယ်။

အာဏာရှင်တွေဘယ်လိုကျဆုံးရသလဲ?

အာဏာရှင်စနစ်ဟာ ကျဆုံးခါနီးမှာ နိုင်ငံရေးအပြောင်းအလဲတခုကို လုပ်ကိုလုပ်လာရတယ်။ ဒီလိုလုပ်ဖို့ အခြေအနေက တွန်းပို့တယ်။ ဒီမှာ သူတို့ကို ကျဆုံးစေတယ်။ ရုရှားမှာ Gorbachev ရဲ့ Perestroika (Reconstruction)တို့၊ New Thinking ၂ ဆိုတာ ဆိုဗီယက်ရုရှားရဲ့ မအောင်မြင်တဲ့ နိုင်ငံရေးပေါ်လစီတွေရဲ့ ထုတ်ကုန်ပါ။ ဒါကို ဂေါ်ဘာချော့က အကောင်ထည်ဖော်ကို ဖော်လာရတယ်။ ဒါပေမဲ့ နောက်ကျသွားခဲ့တယ်။ Perestroika ကို ဂေါ်ဘာချော့ က မိတ်ဆက်ပေးခဲ့တာ။ အဓိက က စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်တယ်။ နိုင်ငံရေးအာဏာပြောင်းလဲဖို့ မရည်ရွယ်သေးဘူး။ ဆိုဗီယက်စီးပွားရေးက မအောင်မြင် ဖြစ်နေတာကို သူ ရိပ်မိလာတယ်။ ဒါကြောင့် သူက နိုင်ငံတော်က ချုပ်ကိုင်ထားတဲ့ စီးပွားရေးတွေကို ပုဂ္ဂလိကတွေကို ပေးဖို့ စီစဉ်လာတယ်။ ဒါကို ဆိုဗီယက်ယူနီယံက ၁၉၈၇ ခုမှာ State Law on Enterprise ကို ပြောင်းလဲပေးခဲ့တယ်။ ဒါက များများပြောင်းတဲ့ အပြောင်းအလဲ မဟုတ်ဘူး။ ပြည်နယ်တခုက စားသုံးသူတွေ လိုအပ်နေတဲ့ ကုန်ပစ္စည်းတောင်းဆိုမှုကို လွတ်လွတ်လပ်လပ် ထုတ်လုပ်လာနိုင်တဲ့ အဆင့်ပဲ ရှိခဲ့တယ်။ ဆိုဗီယက်ခေတ်မှာတော့ ဒါက အဓိကအပြောင်းအလဲတခုပေါ့။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံခြားကုန်သွယ်မှုကို လက်ဝါးကြီးအုပ်စနစ်ကို ဖျက်သိမ်းပေးခဲ့လို့ပဲ။ ဒါပေမဲ့ သူ့ရဲ့ အစီအစဉ်က နာတာရှည်ဖြစ်နေတဲ့ ဆိုဗီယက်စီးပွားရေးဘဝကို ကုသဖို့ ဆေးမမှီခဲ့ပါဘူး။ State Planned Economy ကိုရော၊ Market Economy ကိုရော ဘာတခုမှ မျှော်လင့်ချက် မပေးနိုင်ခဲ့ဘူး။ နိုင်ငံသစ်ပြောင်းလဲရေးမှာ သူဟာ နိဘယ်လ်ဆုတခုနဲ့ ကျေနပ်လိုက်ရတယ်။

New Thinking – အဓိကကတော့ လုံခြုံရေးပေါ်လစီကို ပြောင်းလဲလိုက်တာ။ အနောက်နိုင်ငံတွေနဲ့ဖြစ်နေတဲ့ တင်းမာမှုတွေကို လျော့ချတာ။ ဥရောပမှာ ချထားတဲ့ ဒုံးပျံတွေကို ရွှေ့ပြောင်းပေးတယ်။ အာဖဂန်နစ္စတန်က ဆိုဗီယက်တပ်တွေကို ရုတ်သိမ်းပေးခဲ့တယ်။ ရည်ရွယ်ချက်က ပြည်တွင်းမှာ စီးပွားရေးပြောင်းလဲမှုကို အနောက်နိုင်ငံတွေနဲ့ ကုန်သွယ်ချင်တာ။ ဒါကြောင့် သူ့ရဲ့ နိုင်ငံခြားရေးပေါ်လစီသစ်ဖြစ်တဲ့ အတွေးသစ် ပေါ်လစီက အနောက်နိုင်ငံတွေအကြိုက် ဖြစ်ခဲ့တယ်။ ဒါကြောင့် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာက “I like Mr Gorbachev - we can do business together.” လို့တောင် ပြောခဲ့တယ်။

၈၉ ခုနှစ်မှာ အရှေ့ဂျာမဏီပြိုကျသွားတယ်။ ဒီတော့မှ ဂျာမဏီပေါင်းစည်းလို့ အမျိုးသားပြန်လည်သင့်မြတ်ရေး ရတယ်။ မြန်မာ–ပြည်မှာ စစ်အစိုးရအတွက်က အပြောင်းအလဲကို မလုပ်ဘဲ နေလို့မရတော့ဘူး။ အပြောင်းအလဲလုပ်တဲ့နေ့ဟာ သူတို့ ကျဆုံးတဲ့ နေ့လို ဖြစ်လာလိမ့်မယ်။ အချိန်ကပြောင်းလဲဖို့တောင်းဆိုနေပြီ။

ဆက်လက်ဆွေးနွေးပါအုံးမယ်။

လေးစားစွာဖြင့်

**မိုးသီးဇွန်**